

# ပြောင်းစေအမိန့် ပြင့် နှင်ထုတ်ခံရခြင်း။

## မြန်မာနိုင်ငံ အထက်ပေါင်းလောင်းဆည်တည်ဆောက်ခြင်း အတွက် ပေးဆပ်ရသည့် တန်ဖိုးများ

**ဥရောပနှင့် တရုတ် ရင်းနှီးမြှုပ်နှံသူ အုပ်စုများသည် မြန်မာနိုင်ငံ၏ စစ်တပ်မြို့တော် အတွက် လျှပ်စစ် ဓာတ်အားပေးရန် ဆည်ကြီးတခုကို** ဆောက်လုပ်လျက်ရှိနေကာ ဤဆည်ကြောင့် ဤနှစ် အောက်တိုဘာလတွင် ဌာနေတိုင်းရင်းသားတို့ အများဆုံး ပါဝင်သော လူဦးရေ (၈,၀၀၀)သည် အိုးအိမ်အခြေပျက် ရွှေ့ပြောင်းထွက်ပြေးကြရတော့မည် ဖြစ်ပါသည်။ အတင်းအဓမ္မ နေရာရွှေ့ပြောင်းစေမှုကြောင့် ကျေးရွာလူထုများ အတိဒုက္ခရောက်ကြရပါမည်။ အိမ်ထောင်စုတိုင်းသည် လျော်ကြေးအဖြစ် အမေရိကန် ဒေါ်လာ ၅၀ မျှသာရရှိလျက် မိမိတို့၏နေအိမ်များကိုဖျက်ကာ မိမိတို့၏လယ်ယာမြေ များကို စွန့်ခွာလက်လွှတ်ကြရမည် ဖြစ်သည်။ ဆည်စီမံကိန်းလုပ်ငန်း၏ လုံခြုံရေးအတွက် စစ်တပ်များကိုတိုး၍ နေရာအနှံ့ချထားခဲ့ကာ၊ နယ်မြေလူထုအပေါ် လူ့အခွင့်အရေးချိုးဖောက်မှုများလည်း ပိုမိုများပြားလာခဲ့သည်။ ဆည်ဆောက်လုပ်နေကြသော အလုပ်သမားများမှာမူ ဒေါ်လာ ၃၀ နှင့်ညီမျှသော လစာအတွက် နေ့ရောညပါ ပင်ပန်းတကြီး အလုပ်လုပ်ကိုင်နေကြရသည်။

ဆည်ဆောက်လုပ်သူတို့က ဆည်ဆောက်လုပ်ခြင်း၏ အကျိုးကျေးဇူးများကို တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မှုကြီးတရပ်အဖြစ် အသံကောင်းဟစ်လေ့ရှိသည်။ မြန်မာနိုင်ငံ၌ နေ့စဉ်လိုလိုပင် အစိုးရပိုင် သတင်းမီဒီယာက ဆည်စီမံကိန်းအမျိုးမျိုးတိုးတက်ဖြစ်ပေါ်နေခြင်းကို အောင်မြင်မှုသင်္ကေတတခုအဖြစ် ကြွေးကြော်လုံးထုတ်နေချေသည်။ သို့ရာတွင် မြန်မာနိုင်ငံ၏ ဆည်ဆောက်လုပ်ရေးလုပ်ငန်းများကြောင့် စစ်တပ်များနေရာ အနှံ့ ချထားမှုများ တိုး၍ဖြစ်ပွားလာသည့်အပြင် လူမျိုးရေး ပဋိပက္ခကိုလည်း ပို၍ ဆိုးရွားပြင်းထန်စေပါသည်။ ထို့အပြင် ဤဆည်ဆောက်လုပ်မှုများသည် အတင်းအဓမ္မ နေရာ ရွှေ့ပြောင်းစေခြင်း၊ အတင်းအဓမ္မလုပ်အားစေခိုင်းခြင်းတို့နှင့်လည်း ဆက်စပ် ဖြစ်ပေါ် နေသည်။ ပေါင်းလောင်းမြစ်ညာ ဆည် တည်ဆောက်ရေးလုပ်ငန်းသည်လည်း ထိုနည်းလည်းကောင်းပင် ဖြစ်သည်။ မေးစရာရှိသော မေးခွန်းမှာ ရင်းနှီးမြှုပ်နှံသူများက ဤစီမံကိန်းလုပ်ငန်းကြောင့် ဆိုးကျိုးရိုက်ခတ်သက်ရောက်မှုများအပေါ် တာဝန်ယူမည်လော ဟူ၍ပင် ဖြစ်ပါသည်။



# ပြိမ်းခြောက်ခံနေရသော ပေါင်းလောင်းမြစ်ဝှမ်း

အထက်ပေါင်းလောင်းဆည်သည် မြန်မာနိုင်ငံ၏ အဓိကမြစ်ကြီးတစင်းဖြစ်သော စစ်တောင်းမြစ်၏ မြစ်လက်တက်၊ ပေါင်းလောင်းမြစ်၏ မြစ်ညာပိုင်းတွင် တည်ရှိသည်။ ရှမ်းပြည်နယ်အနောက်တောင်ပိုင်း၊ ပျဉ်းမနား၏ အရှေ့တောင်ဘက်တွင် တည်ရှိနေပြီး၊ မြန်မာနိုင်ငံ၏ စစ်တပ်မြို့တော်သစ်၊ နေပြည်တော်မှနေ၍ ကီလိုမီတာ (၅၀) မျှသာ ဝေးသည်။

(၆၁) စတုရန်း ကီလိုမီတာကျယ်သော ရေလှောင်ကန်ကြီး၏ ရေဖုံးလွှမ်းခြင်းခံရမည့် ဤစစ်တောင်းမြစ်ဝှမ်းသည် ကျေးရွာပေါင်း (၂၃) ရွာ၊ သို့မဟုတ် ကယန်း၊ ပအို့ဝ်နှင့် မြန်မာလူမျိုးတို့ အဓိကအားဖြင့် ပါဝင်သော လူဦးရေ (၈,၀၀၀) တို့၏ အခြေချနေထိုင်ရာ ဖြစ်ပါသည်။ (၂၀၀၄) ခုနှစ်တွင် စတင်ခဲ့ပြီး၊ (၂၀၀၉) ခုနှစ်တွင် အပြီးသတ်ရန် ရည်ရွယ်ထားခဲ့သော ဤစီမံကိန်းလုပ်ငန်းသည် ယခုအခါ ၌ ၆၀% မျှသာ ပြီးစီးသေးသည်။ (၂၀၁၂) ခုနှစ်တွင် ပြီးစီးမည်ဟု မျှော်လင့်ရပါသည်။

## ပါဝင်ပတ်သက်နေသော ကုမ္ပဏီများ

### အေ၊ အက်ဖ်ကိုလင်ကို (AF-Colenco)

ဆွစ်ဇာလန်နိုင်ငံ၏ ဆောက်လုပ်ရေး ကုမ္ပဏီတခုဖြစ်သော အေ၊ အက်ဖ်–ကိုလင်ကို လီမိတက် (AF-Colenco Ltd.) အား (၂၀၀၄) ခုနှစ်တွင် လုပ်ငန်းလုပ်ရန် ဖြစ်နိုင်ခြေ လေ့လာမှု အတွက်လည်းကောင်း၊ (၂၀၀၆) ခုနှစ်တွင် ဆည် ဒီဇိုင်းပုံစံ အတွက်လည်းကောင်း၊ (၂၀၀၈) ခုနှစ်တွင် ဆောက်လုပ်ရေးလုပ်ငန်း ဒီဇိုင်းပုံစံထုတ်ရန် အတွက်လည်းကောင်း ကန်ထရိုက် ပေးခဲ့သည်။ ကုမ္ပဏီ၏ လက်ကမ်းစာစောင်အရဆိုလျှင် အေ၊ အက်ဖ်–ကိုလင်ကိုမှ ကျွမ်းကျင်သူပညာရှင်များက ပြည်တွင်း ကန်ထရိုက် လုပ်ငန်းရှင်များကို အကြံပေးပြီး၊ ဆည်ဆောက်လုပ်ရေးလုပ်ငန်းကို ကြီးကြပ်သွားမည် ဖြစ်သည်။

### မယ်လ်ကွမ် ဒတ်စတန်နှင့် လုပ်ဖော်ကိုင်ဖက်များ (Malcolm Dunstan and Associates)

လန်ဒန်အခြေစိုက် Malcolm Dunstan & Associates သည် အားဖြည့် ကွန်ကရစ်ဆည်များ (Roller Compacted Concrete or RCC dams) ၏ ဒီဇိုင်းပုံစံရေးဆွဲခြင်းနှင့် ဆောက်လုပ်ခြင်းတွင် အထူးပြုသော ဆောက်လုပ်ရေး ကုမ္ပဏီတခု ဖြစ်သည်။ မြန်မာနိုင်ငံ၏ ရဲရွာနှင့် တာဆန်းဆည် ဆောက်လုပ်ရေးတို့တွင်လည်း အကြံပေးခဲ့ဖူးသည်။ (၂၀၀၉) ခုနှစ်အတွင်းက ဒေါက်တာဒန်စတန် (Dr. Dunstan) သည် ပေါင်းလောင်း မြစ်ညာဆည်သို့ ပထမဦးဆုံးအကြိမ်အဖြစ် သွားရောက်ပြီး၊ စီမံချက်လုပ်ငန်း၏ ဖြစ်ထွန်းတိုးတက်မှုများကို စိစစ်သုံးသပ်ခဲ့သည်။

### ယူနန် စက်ပစ္စည်းနှင့် ပြည်ပပို့ကုန် ကုမ္ပဏီ Yunnan Machinery and Export Company (YMEC)

၎င်းင်း၏ ကွန်ရက်စာမျက်နှာပါ ဖော်ပြချက်အရဆိုလျှင် (YMEC) သည် (၂၀၀၆) ခုနှစ်၊ နှစ်ဆန်းပိုင်းက အထက်ပေါင်းလောင်းဆည် စီမံချက်လုပ်ငန်းနှင့်အတွက် မြန်မာနိုင်ငံ၏ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနလက်အောက်ရှိ ရေအားလျှပ်စစ်စွမ်းအင်ဌာနနှင့် ကန်ထရိုက်စာချုပ်တခုကို လက်မှတ်ရေးထိုးခဲ့သည်။ ဒေါ်လာသန်း (၈၀) တန်သော ဤစာချုပ်အရ (YMEC) က ပေါင်းလောင်းအထက်ဆည်အတွက် စက်ယန္တရားများနှင့် ပစ္စည်းကရိယာများ ထောက်ပံ့ပေးရန် သဘောတူခဲ့သည်။

### တရုတ်ပြည် ပို့ကုန်သွင်းကုန်ဘဏ် (China Exim Bank)

တရုတ်ပြည် ပို့ကုန်–သွင်းကုန်ဘဏ်က ပေါင်းလောင်းမြစ်အောက်ပိုင်း ရေအားလျှပ်စစ်ဓါတ်အားစက်ရုံ ဆောက်လုပ်ရေးအတွက် ယွန်ငွေ တစ်ဘီလီယံကျော် (အမေရိကန်ဒေါ်လာ သန်း ၁၂၀ ကျော်) ထုတ်ပေးခဲ့သည်။ နောက်ထပ်၍ ပေါင်းလောင်းအထက် ဆည်အတွက် ရန်ပုံငွေထုတ်ပေးပြီးပြီလား၊ သို့မဟုတ် ထုတ်ပေးရန် အစီအစဉ်ရှိသလား ဆိုသည်ကို သေချာမသိရှိ ရချေ။






မြစ်တလျှောက်ရှိ မြေဩဇာကောင်းသော မြေများသည် ရေအောက်သို့ လုံးဝ ကျရောက်သွားမည်ဖြစ်သည်။






## ဒီမံချက်လုပ်ငန်း၏ အသေးစိတ်အချက်အလက်များ

***ဆည်အမြင့်*** – (၁၀၃) မီတာ

***သတ်မှတ်ထားသော လျှပ်စစ်ဓါတ်အား*** – (၁၄၀) မီဂါဝပ်

***ရေလှောင်ကန်*** – (၆၁) စတုရန်းကီလိုမီတာ

***အသုံးပြုမှု*** – နေပြည်တော်သို့ လျှပ်စစ်ဓါတ်အားပေးရေးအတွက် မြစ်အောက်ပိုင်း ပေါင်းလောင်းဆည်ကို ရေဖြည့်ပေးရန်

***ဆောက်လုပ် ပြီးစီးမည့်အချိန်*** – (၂၀၁၂) ခုနှစ်

# ရေမြုပ်တော့မည့် အခြေအနေ

လွန်ခဲ့သော (၃) နှစ်အတွင်းမှာ နှစ်စဉ်နှစ်တိုင်းပင် မြို့နယ်အာဏာပိုင်များသည် အရှေ့ပိုင်း နေပြည်တော် စစ်တိုင်းမှူးရာပြည့်၊ ကျွမ်းကျင်သူ ပညာရှင်တို့နှင့်အတူ သပြေကုန်းနှင့် ထိန်ပင်ကျေးရွာအုပ်စုများသို့ သွားရောက်ပြီး၊ တနှစ်လျှင် အစည်းအဝေး (၄) ကြိမ် ခေါ်ယူကျင်းပခဲ့သည်။ ထိုသူတို့က ရွာသားများအား ဆည်ဆောက်လုပ်ပြီးသွားလျှင် ရေမြှုပ်သွားမည့် နယ်မြေများကို စီမံကိန်းမြေပုံပေါ်မှာ ပြသခဲ့သည်။

ရွာသားများ ပြောင်းရွှေ့သွားရမည်ဖြစ်ကြောင်း သတိပေးကာ၊ အနီးအနားရှိ တောင်ကုန်းမြေမြင့်များမှာ ရွာတည်ဆောက်ရေးအတွက် နယ်မြေသစ်များ ရွေးချယ်ရန် ရွာသားများအား အကြောင်းကြားထားပြီး ဖြစ်သည်။ ရွာသားများအား ကူညီသည့် အနေနှင့် နေရာသစ်များကို မြေထိုးစက်ဖြင့်မြေညှိပေးမည် ဖြစ်ကြောင်း၊ ရွာသားများ ပြောင်းရွှေ့ပြီးနောက်တွင် တအိမ်ထောင်လျှင် ငွေကျပ် (၅၀,၀၀၀) (ဒေါ်လာ ၅၀ ပင် မပြည့်သည့်ပမာဏ) ကို ထုတ်ပေးမည်ဖြစ်ကြောင်း အာဏာပိုင်များက ပြောခဲ့သည်။ ဤမျှ မဖြစ်စလောက်ငွေပမာဏကိုပင် ကတိအတိုင်း ပေးလိမ့်မည် မဟုတ်ချေ။ (၂၀၁၀) ခုနှစ်အတွင်းမှာ အရှေ့ပိုင်းတိုင်းမှူးရောက်လာခဲပြီး၊ အိမ်ထောင်စုအသီးသီးအတွက် ငွေကျပ် (၅၀,၀၀၀) ပေးမည့်အစား ကျေးရွာတရွာစီအတွက် ရေလှောင်ကန်တကန်စီ တည်ဆောက်ပေးမည်ဖြစ်ကြောင်း ပြောသွားခဲ့သည်။ အကယ်၍ လျော်ကြေးပေးသည့်တိုင် ဤလျော်ကြေးသည် ကျေးရွာသားတဦး ညည်းညူခဲ့သည့်အတိုင်းပင် ကူညီခြင်း သဘောထက် စော်ကားခြင်းသဘော ပိုဆောင်နေပါသည်။

လက်ရှိအချိန်အထိ မည်သည့်ကျေးရွာမျှ မရွှေ့ပြောင်းကြသေးသော်လည်း ကျေးရွာ (၂၃) ရွာလုံးအား (၂၀၁၁) ခုနှစ်၊ အောက်တိုဘာလထက် နောက်မကျစေဘဲ ရွှေ့ပြောင်းသွားကြရမည်ဟု အကြောင်းကြားထားပြီး ဖြစ်သည်။ ကျေးရွာ အနည်းအကျဉ်းလောက်က နေရာသစ်ကို ရွေးပြီး ဖြစ်နေကြသော်လည်း အများစုကမူ မည်သည့်နေရာကို ရွှေ့ပြောင်းရမည်မှန်း၊ မည်သည့်နေရာက အသက်မွေးဝမ်းကျောင်းရန် အကောင်းဆုံးနေရာဖြစ်မည်မှန်း စိတ်ကူး၍ မရကြသေးချေ။ ကျရောက်လာမည့်နေ့ကို စဉ်းစားမိနေကြသောကြောင့် မည်သူမျှ မိမိတို့၏ နေအိမ်များကို ပိုကောင်းအောင် ပြုပြင်လိုစိတ် မရှိကြဘဲ၊ ကျေးရွာများ၏ ဖွံ့ဖြိုးတိုးတက်မှုများမှာ ထိခိုက်ကျဆင်းနေခဲ့သည်။

> *“(၂၀၀၄)ခုနှစ်ကစပြီး၊ ကျနော့်အိမ်ဆောက်ဖို့အတွက် ဘိလပ်မြေတွေ ဝယ်စုလာခဲ့တာပါ။ ခုတော့ ဒီပစ္စည်းတွေ ရေအောက်ရောက်ပြီး အဆုံးခံမယ့်အစား ဘုန်းကြီးကျောင်းကို ကျနော် လှူလိုက်တော့တယ်။ ဘယ်သူမှ အိမ်သစ် မဆောက်ဝံ့ကြတော့ဘူး။ ကျနော်တို့မှာ ဘယ်ကို ပြောင်းရမယ်မှန်းလည်း မသိပါဘူးဗျာ။” ဟု ရွာသားတဦးက ဆိုသည်။*

ဤနှစ်တွင် ကျေးရွာသားများသည် နေရာရွှေ့ပြောင်းရမှုနှင့် ကြုံတွေ့နေပါသည်။ သို့ ဖြစ်သည့်တိုင် အာဏာပိုင်များထံ မိမိတို့၏ နစ်နာချက်များနှင့်ပတ်သက်၍ တိုင်တန်းပြောဆိုခဲ့ခြင်းမရှိသည့်အဖြစ်သို့ ရောက်နေပါသည်။ မည်သူ့ထံသို့ တိုင်တန်းရမည်၊ မိမိတို့၏ အသံကို ကြားအောင် မည်သို့လုပ်ရမည် ဆိုသည်တို့ကို သူတို့ မသိကြချေ။



အဓိကကျသော မြေနိမ့်ပိုင်း စပါးစိုက်မြေ ဧက (၂,၀၀၀)ကျော်နှင့် ကုန်းမြင့်ပိုင်းရှိသည်ထက်ပိုများသော ဥယျာဉ်မြေ ဧကထောင်ပေါင်းများစွာတို့သည်လည်း ရေဖုံးလွှမ်းခံရကာ၊ ဆုံးရှုံးရပေတော့မည်။ ကျေးရွာသားများအဖို့ ပတ်ဝန်းကျင်ရှိ တောင်ကုန်းများပေါ်မှာ မြေသစ်ယာသစ်များတည်ခြင်းအားဖြင့် အသက်ဆက်ရေးအတွက် မဖြစ်မနေ ကြိုးပမ်းရပေတော့မည်။ ဤသို့ နေရာသစ်မှာ အခြေချနေထိုင်မှုကြောင့် သစ်တောပြုန်းတီးမှု ပိုများလာပေလိမ့်မည်။



*“ကျနော်တို့အဖို့ ငွေ (၅၀,၀၀၀) နဲ့ ဘာလုပ်လို့ ရမှာလဲ။ အိမ်အသစ်ဆောက်ဖို့၊ လယ်မြေ အသစ်စိုက်ဖို့ မပြောနဲ့၊ လက်ရှိအိမ်ကို ဖျက်ဖို့တောင် မလောက်ဘူး။” ဟု သူက ဆိုသည်။*

## အထက်ပေါင်းလောင်းဆည် ဆောက်လုပ်မှုကြောင့် ရွှေ့ပြောင်းရမည့် ကျေးရွာများ

| စဉ် | ကျေးရွာအမည် | အိမ်ထောင်စုများ | လူဦးရေ |
|---|---|---|---|
| *ထိန်ပင်ကျေးရွာ အုပ်စု* | | | |
| ၁ | ထန်းတပင် | ၅၀ | ၂၃၃ |
| ၂ | ကျကြီး | ၃၀ | ၁၅၀ |
| ၃ | နှမ်းစံကြဲ | ၄၀ | ၁၀၄ |
| ၄ | ဥသျှစ်ကုန်း | ၅၅ | ၂၆၃ |
| ၅ | ထိန်ပင် | ၁၉၅ | ၈၁၅ |
| ၆ | ရွာမ | ၁၁၅ | ၆၈၃ |
| ၇ | ကျောင်းရွာ | ၈၀ | ၄၂၆ |
| ၈ | ကုန်းကျိုင်း | ၆၀ | ၂၂၃ |
| ၉ | ဆီဆုံကုန်း | ၅၇ | ၂၁၈ |
| ၁၀ | ဖိုကုန်း | ၉၀ | ၄၇၃ |
| ၁၁ | လုံးကဲ | ၉၅ | ၄၆၈ |
| ၁၂ | လိန်းလီ | ၇၅ | ၃၈၂ |
| *သပြင်ကုန်း ကျေးရွာအုပ်စု* | | | |
| ၁၃ | ဈေးကုန်း | ၆၀ | ၂၇၅ |
| ၁၄ | လယ်ပြင်ကြီး | ၄၀ | ၁၉၂ |
| ၁၅ | သစ်မာကုန်း | ၇၅ | ၃၉၉ |
| ၁၆ | သပြေကုန်း | ၁၂၉ | ၅၂၀ |
| ၁၇ | မဲလီ | ၁၀ | ၅၅ |
| ၁၈ | ကံလှ | ၉၃ | ၄၈၂ |
| ၁၉ | ပိန္နဲကုန်း | ၃၀ | ၁၅၂ |
| ၂၀ | သဘော်ကုန်း | ၄၀ | ၂၁၀ |
| ၂၁ | ဟသာ်ကုန်း | ၇၀ | ၄၂၁ |
| ၂၂ | ငွေးကုန်း | ၆၅ | ၂၈၄ |
| ၂၃ | ရွာကြီး | ၁၁၆ | ၅၇၀ |
| **စုစုပေါင်း** | | | **၇,၉၉၈** |



# စစ်တပ်အတွက် ဆည်

*အင်ဂျင်နီယာများနှင့် ရေတာတာလုံခြုံရေးယူပေးသော စစ်သားများအတွက် နေအိမ်များ*

စီမံကိန်းကို (၂၀၀၄) ခုနှစ်မှာ အတည်ပြုပြီးသည်နှင့် တပိုင်နက် နယ်မြေလုံခြုံရေးအတွက် နေပြည်တော်မှ အမှတ် (၆၀၆) ခြေမြန်တပ်ရင်းကို စေလွှတ်ခဲ့သည်။ နယ်မြေလူထုအပေါ် မတော်မတရားပြုမှုများသည် ချက်ချင်း ဆိုသလိုပင် စတင်ဖြစ်ပွား လာခဲ့သည်။ ယခုအခါ၌ နယ်မြေထဲမှာ အခြေစိုက်ထားသော တပ်ရင်း (၂)ရင်း ရှိနေပြီ ဖြစ်သည်။ တပ်ဖွဲ့ (၄) ဖွဲ့က ဆည် ဆောက်မည့်နေရာသို့ ဝင်ရာလမ်းများကို စောင့်ကြပ်နေကြပြီး၊ တိုက်ကင်းများက လုံခြုံရေး တာဝန်ဖြင့် ပတ်ဝန်းကျင်ကျေး ရွာများတွင် တိုက်ကင်း လှည့်နေကြသည်။

### *အတင်းအဓမ္မ လုပ်အားစေခိုင်းခြင်း*

(၂၀၀၆) ခုနှစ်၊ နှောင်ပိုင်းတွင် နေပြည်တော်လုံခြုံရေးအတွက် မြစ်ဝ တောင်ကုန်းပေါ်မှာ ယာယီစစ်စခန်းများဆောက်ပေးရန် ရွာကြီး၊ သဘော်ကုန်း၊ ဟသ်ာကုန်း၊ ငွေးကုန်းကျေးရွာတို့မှ ကျေးရွာသားများအား အမိန့်ပေးခဲ့သည်။ ယနေ့အထိ နှစ်တိုင်းပင် ကျေးရွာသားများက ဝါးနှင့်အမိုးဖက်များရှာပြီး၊ ဤယာယီစစ်စခန်းများသို့ ပေးနေကြရသည်။ ထို့အပြင် ကျေးရွာသားများသည် စခန်းများ၏ ပတ်ဝန်းကျင်နှင့် တောင်ခြေမှတောင်ထိပ်သို့ သွားရာလမ်းကြောင်း တလျှောက်တွင်လည်း  ပေါင်းမြက်ရှင်းပေးကြရသည်။ ဤအလုပ်အတွက် အခကြေးငွေရကြသည် မဟုတ်ချေ။ အပြစ်ပေး ဒဏ်ခတ်မည်စိုး၍ မလုပ်ဘဲလည်း မနေဝံ့ကြချေ။

### *လုံခြုံရေး တင်းကျပ်လိုက်ခြင်းနှင့် မတော်မတရား ငွေကောက်ခြင်း*

စီမံကိန်းပြီးမြောက်သွားလျှင် ပေါင်းလောင်းမြစ်ခြေ နယ်မြေတခုလုံးကို နေပြည်တော်နယ်မြေအဖြစ် သတ်မှတ်တော့မည် ဖြစ်ရာ ယခုကတည်းကပင် လုံခြုံရေးကို အလွန်တင်းကျပ်ထားသည်။ သပြေကုန်းနှင့် ထိန်ပင် ကျေးရွာအုပ်စုများသည် ကျေးရွာအသီးသီး၏ ရွာဝင်ပေါက်တိုင်းမှာ ယာယီကင်းတဲများ ဆောက် ပေးကြရသည်။ နေပြည်တော်၏ အမှတ် (၆၀၆) တပ်ရင်းနှင့် ပင်လောင်းမြို့၏ တပ်ရင်း (၁၂၂) တို့မှ စစ်သား (၂) ယောက်စီက ဤကျေးရွာကင်းတဲ တစ်တဲစီမှာ အပတ်စဉ် လုံခြုံရေးတာဝန်ယူကြပြီး၊ အိမ်ထောင်စုတိုင်းက ကင်းကြေးအတွက် လစဉ် ကျပ် (၁,၀၀၀) စီ ပေးကြရသည်။

ရွာထဲသို့ ဧည့်သည်တဦးဦးရောက်လာပါက ရွာသားများက အာဏာပိုင်များသို့ သတင်းပေးပို့ကြရသည်။ ဤသို့ သတင်းပေးပို့ခြင်းမပြုပါက ဧည့်သည်ကို ကျပ် (၅၀,၀၀၀) ဒဏ်ငွေ ရိုက်သည်။ ဧည့်သည်တည်းခိုရာ အိမ်၏ အိမ်ရှင်ကိုလည်း ဒဏ်ငွေ ကျပ်(၁၀,၀၀၀) ရိုက်သည်။ ပြင်ပမှ အဖွဲ့အစည်းများကို ကျေးရွာသို့ လာရောက်ခွင့် မပြုချေ။

> *“ဘယ် အဲန်ဂျီအို၊ ဘယ်အဖွဲ့အစည်းကိုမှ ဒီနယ်မြေမှာ လူမှုရေးလုပ်ငန်း လုပ်ခွင့်မပေးဘူး။ (၂၀၀၇) ခုနှစ်တုန်းက WFP (ကမ္ဘာ့ စားနပ်ရိက္ခာ အစီအစဉ်) အဖွဲ့ကို ဒီနယ်မြေထဲ မဝင်ရဘူးလို့ ပိတ်ပင်ခဲ့ဖူးတယ်။ ဒီလိုပိတ်ပင်တာဟာ ဆည်စီမံကိန်းနဲ့ ပတ်သက်တယ်လို့ ကျနော်ထင်တယ်။”*

ထို့အပြင် ဆည်စီမံကိန်း လုံခြုံရေးအတွက် ကျေးရွာသားများ၏ တောင်ယာ (ခေါ်) ရိုးရာ တောင်ပေါ်စိုက်ပျိုးရေးလုပ်ငန်း ကိုလည်း (၂၀၀၈) ခုနှစ်မှစ၍ ပိတ်ပင်ထားခဲ့သည်။ (၂၀၀၈) ခုနှစ်နှင့် (၂၀၀၉) ခုနှစ်များတွင် (ခမရ) (၁၂၂) က ထိန်ပင် ကျေးရွာအုပ်စုဝင် ကျေးရွာများကိုလည်းကောင်း၊ (၂၀၀၉) ခုနှစ်တွင် ပျဉ်းမနားမြို့နယ်အာဏာပိုင်များက သပြေကုန်း ကျေးရွာအုပ်စုဝင် ကျေးရွာများကိုလည်းကောင်း တောင်ယာမလုပ်ရဟု အမိန့်ထုတ်ဆင့်ခဲ့သည်။



# အလုပ်သမားများအပေါ် မသမာမှု

မြန်မာနိုင်ငံအလယ်ပိုင်းရှိ ပျဉ်းမနား၊ မကွေး၊ စစ်ကိုင်းမြို့တို့မှ အလုပ်သမား (၂၅၀) ခန့်သည် နေ့ရောညပါ ဆည်ဆောက်လုပ်ရေးလုပ်ငန်းတွင် အလုပ်လုပ်နေ လျှက်ရှိသည်။ အလုပ်သမားများ၏ အခြေခံလစာသည် တလလျှင် (၃၀,၀၀၀) ကျပ် ဖြစ်သည်။ ဤအလုပ်သမားများသည် ပထမ (၃– ၄) လတွင်သာ လစာအပြည့် ရရှိကြသော်လည်း နောက်ပိုင်းတွင် လစာကို အပြည့်မရရှိကြချေ။ သို့မဟုတ် အချိန်နောက်ကျပြီးမှ (လကုန်ပြီးနောက် ၁၀ ရက်ခန့် ကြာပြီးမှ) ရရှိကြသည်။ အလုပ်သမားများ မကျေနပ်ကြချေ။ သို့ရာတွင် မြန်မာနိုင်ငံမှာ အလုပ်ရရန် ခက်ခဲလွန်းသောကြောင့် ငြိမ်ခံနေကြသည်။





# ဖြစ်လာနိုင်ဖွယ်ရှိသော ဆိုးကျိုးများ

### *စီးပွားရေးလုပ်ငန်းများ ပျက်စီးခြင်း*

ပေါင်းလောင်း မြစ်ဝှမ်းနေ လူဦးရေ (၈,၀၀၀)သည် စိုက်ပျိုးရေးလုပ်ငန်းကို အဓိကစီးပွားရေးလုပ်ငန်းအဖြစ်အား ထားခဲ့ကြသည်။ ပေါင်းလောင်းမြစ်ကမ်းတလျှောက်တွင် မြေသြဇာကြွယ်ဝမှုကြောင့် နယ်မြေလူထုသည် နနွင်း၊ ငရုတ်သီး၊ မိုးစပါး၊ နွေစပါး မြေပဲတို့ အပြင်၊ ငှက်ပျော၊ လိမ္မော်၊ လက်ဖက်ကဲ့သို့သော နှစ်ရှည်ခံပင်များကိုလည်း စိုက်ပျိုးနိုင်ခဲ့သည်။ မြစ်ဝှမ်းတွင် မြေနိမ့်စပါး စိုက်ပျိုးရာ၌ အထူးအထွက်ကောင်းပြီး၊ တကေ အထွက်နှုန်းသည် အခြားနယ်မြေများမှာထက်ပိုသည်။ ရာသီအလိုက်ထွက်သော သီးနှံများကို ပင်လောင်းမြို့မှ ကုန်သည်များက လာရောက် ဝယ်ယူကြသည်။ ဤနယ်မြေစီးပွားရေးသည် ဆည်ကြောင့် ပျက်စီးသွားပေတော့မည်။ အခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ဖန်တီးပေးခြင်းလည်း မရှိချေ။

### *အရင်းအမြစ်များ ထုတ်ယူခြင်းနှင့် ရေမြုပ်ခြင်း*



*ပေါင်းလောင်းဒေသရှိ ကယန်းအမျိုးသမီးများ၏ ရိုးရာဝတ်စုံအလှ*

(၂၀၀၉) ခုနှစ်ကစ၍ နယ်မြေတွင်းမှာ သစ်ခုတ်လှဲမှုများ တိုးလာခဲ့သည်။ အထူးသဖြင့် ဟသ်ာကုန်းရွာအနီးမှာ တိုးလာခဲ့ခြင်း ဖြစ်သည်။ ယခင်က ထိန်ပင်ရွာအနီးမှာ အသေးစားလုပ်ငန်းအဖြစ်သာ လုပ်ကိုင်ခဲ့သော ရွှေတူးဖေါ်ခြင်း လုပ်ငန်းသည် ကြီးကျယ်လာခဲ့သည်။ (၂၀၀၉) ခုနှစ်တွင် နယ်မြေတွင်းသို့ ကုမ္ပဏီကြီးတခု ဝင်ရောက်လာခဲ့ပြီး၊ ရောမစက်ကြီးများဖြင့် စတင်၍ ရွှေတူးဖေါ်ခဲ့သည်။

ဆည်အမြင့်ကြောင့် ပေါင်းလောင်းမြစ်ကြောင်းတလျှောက်ရှိ သစ်တောများရေမြှုပ်သွားတော့မည်ဖြစ်ပြီး၊ တိရိစ္ဆာန်များနှင့် ၎င်းင်းတို့၏ စားကျက်များပါ ရေမြုပ်သွားတော့မည် ဖြစ်သည်။ သမင်၊ ဝက်ဝံ၊ လိပ်ကဲ့သို့သော တောရိုင်းတိရိစ္ဆာန်များအဖို့လည်း ၎င်းင်းတို့၏ ခိုလှုံကျက်စားရာနေရာများ ဆုံးရှုံးပေတော့မည်။ ဆည်ကြောင့် ငါးမျိုးစိတ်များ၏ အရေအတွက်နှင့် အမျိုးအစားများသည်လည်း ဆုတ်ယုတ်သွားလိမ့်မည်ဖြစ်ပြီး၊ အစားအစာနှင့် ဝင်ငွေအပိုရရှိရေးအတွက် တံငါလုပ်ငန်း အပေါ် အားထားနေရသော လူထောင်ပေါင်းများစွာတို့၏ ရိကက္ခာလုံခြုံမှုကို ထိခိုက်စေပေလိမ့်မည်။

### *လူမှုအသိုက်အမြုံ တစစီပြိုကွဲခြင်း*

ဆည်ဆောက်လိုက်လျှင် နေအိမ်များနှင့် မြေယာများ ရေမြုပ်သွားမည်ဖြစ်ပြီး၊ နယ်မြေ လူထုနှင့် နောင်လာနောက်သား တို့၏ အနာဂါတ်သည် တွေးကြည့်၍ မရနိုင်သည့် အခြေအနေသို့ ဆိုက်ရောက်သွားပေလိမ့်မည်။ ကျေးရွာ (၂၃) ရွာ၏ ပြန်လည်အခြေချရေးအတွက် စနစ်တကျချမှတ်ထားသော အစီအစဉ်လည်း မရှိ၊ လျော်ကြေးကိုလည်း အလုံအလောက်မပေးခြင်းတို့ကြောင့် မြေယာဆုံးရှုံးခြင်း၊ အလုပ်အကိုင်မဲ့ခြင်းတို့မှနေ၍ မြေယာအချင်းများမှုကဲ့သို့သော နောက်ထပ် လူမှုရေး ပြဿနာများ ပေါ်ပေါက်လာပေလိမ့်မည်။ ကျေးရွာစာသင်ကျောင်းများနှင့် ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ အဆောက်အဦးများ (ပတ်ဝန်းကျင် သန့်ရှင်းရေး အဆောက်အဦကဲ့သို့သော အခြေခံအဆောက်အဦးများ) ကိုလည်း အသစ်ပြန်လည်တည်ဆောက်ရမည် ဖြစ်ပါသည်။ လယ်သစ်၊ ယာသစ်တည်ရေးအတွက် ဦးစားပေး လုံးပမ်းရမည်ဖြစ်သဖြင့် ဤကဏ္ဍများတွင် လစ်ဟင်းမှုများရှိနေလိမ့်မည် ဖြစ်ပါသည်။ ဤသို့ဖြင့် အမျိုးသမီးများနှင့် ကလေးသူငယ်များမှာ အများဆုံး ထိခိုက်ခံရပေလိမ့်မည်။ ဘုရားပုထိုး၊ သုရန်ကဲ့သို့သော အထွဋ်မြတ်ထားရာနှင့် သမိုင်းဝင်နေရာများ ရေမြုပ်သွားမည် ဖြစ်ပြီး၊ ထာဝရပျောက်ကွယ်သွား ပေလိမ့်မည်။ ဤသို့ဖြင့် လူမှုအသိုက်အမြုံ၏ အင်္ဂါအစိတ်အပိုင်းများ တစစီပြိုကွဲ သွားလိမ့်မည် ဖြစ်ပါသည်။

*ခေတ်ပုံ–အိမ်မွေးတိရစ္ဆာန်များအတွက်သစ်တောတွက်ကုန်များနှင့် ဝါးမျှစ်ဟင်းရည်အတွက် မြေပြန့် ဒေသရှိ ဝါးရုံတောမှ မျှစ်များကို မိသားစုအတွက် အမျိုးသမီးများလိုက်လံစုဆောင်း၍ ဟင်းလျှာအတွက်ပြင်ဆင်နေခြင်း။ ရေကာတာသည် ဝါးရုံတောများကို ရေလွှမ်းမိုးသွားမည်ဖြစ်ပြီး တဆက်တည်း သစ်တောဧရိယာများ ပျက်စီးသွားသကဲ့သို့ ရွာသားများ တောင်ပေါ်ဒေသသို့ ရွှေ့ပြောင်းရမည်ဖြစ်သည်။ နေရာရွှေ့ပြောင်းခြင်း အကျိုးဆက်များသည် ကလေးများအတွက်အစိုးရိမ်ရဆုံး အခြေအနေဖြစ်သည်။*



ကမ္ဘာ့ ဆည်များဆိုင်ရာ ကော်မရှင်အဖွဲ့ (The World Commission on Dams) က အကြံပြုထားသည်မှာ နယ်ခံကျေးရွာ များသည် ဆည်တည်ဆောက်ရေးစီမံကိန်း၏ အကျိုးကျေးဇူးများကို ဦးဦးဖျားဖျား ခံစားရသူများ ဖြစ်ရမည့်အပြင် ၎င်းင်းတို့၏ လူနေမှုအဆင့်အတန်းကို နဂိုမူလအဆင့်အတန်းအတိုင်း ထိန်းသိမ်းပေးရမည်သာ မကဘဲ၊ ပို၍ပင် တိုးတက် ကောင်းမွန်စေရမည် ဟူ၍ဖြစ်သည်။

ကမ္ဘာ့ဆည်များရေကာတာ ဆောက်လုပ်ရေးလုပ်ငန်းများသည် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်နေသဖြင့် ရင်းနှီးမြှုပ်နှံသူများကို ရေကာတာဆောက်လုပ်ခြင်းမှ ရပ်တန့်ပေးရန်အတွက် တောင်းဆိုပါသည်။

# အကြံပြုချက်များ

**နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသို့။** ။ အတင်းအဓမ္မ မြေယာသိမ်းယူမှုနှင့် အခြားလူ့အခွင့်အရေးချိုးဖောက်မှုများ တိုက် ရိုက် ဖြစ်ပွားစေသော၊ သဘာဝပတ်ဝန်းကျင် ပျက်စီးစေသော၊ ထို့ပြင် ဒေသနေပြည်သူတို့အတွက် မည်သည့် ကောင်းကျိုးမျှ ဆောင်ကျဉ်းလာခြင်းမရှိသော မြန်မာနိုင်ငံရှိ အကြီးစား တည်ဆောက်ရေး လုပ်ငန်းများ အားလုံးကို ရပ်သိမ်းသွားရန်။

**မြန်မာနိုင်ငံ စစ်အစိုးရသို့။** ။ အထက်ပေါင်းလောင်းဆည် စီမံကိန်းနှင့်ပတ်သက်၍ အများပြည်သူတို့အပေါ် ဆိုးကျိုး ရိုက်ခတ်ချက်များဆိုင်ရာ အကဲဖြတ်ချက်များ (public impact assessment) ရှိမထားခြင်းကြောင့် ဤလုပ်ငန်းကို ချက်ချင်း ရပ်တန်းက ရပ်ပစ်ရန်။ စစ်အစိုးရသည် သင့်လျော်သော လျော်ကြေးပေးခြင်း သို့မဟုတ် သင့်လျော်သော ပြန်လည်နေရာ ချထားပေးခြင်းလည်း မရှိဘဲ၊ နယ်မြေဒေသ၏ ယဉ်ကျေးမှုများကို အရေးထားလေးစားခြင်း မရှိဘဲ၊ ထို့အပြင် ထိခိုက်ခံရသော လူထု၏ ပညာရေး၊ ကျန်းမာရေး လိုအပ်ချက်များကို သင့်လျော်စွာဖြည့်ဆည်းပေးရန် အစီအစဉ်မရှိဘဲ ဆက်လက် အကောင်အထည်ဖော်လျှက် ရှိသည်။

**နိုင်ငံတကာ အသိုင်းအဝိုင်းနှင့် အရပ်သား အဖွဲ့အစည်းများသို့။** ။ ဆည်စီမံကိန်းကို ချက်ချင်း အဆုံးသတ်သွားအောင် မြန်မာစစ်အစိုးရအပေါ် ဖိအားပေးကြပါရန်။ စီမံကိန်းလုပ်ငန်းကို ရပ်တန်းက ရပ်ပစ်အောင်နှင့် ၎င်းင်းတို့၏ မူဝါဒများကို ပြန်လည်စီစစ်အောင် သက်ဆိုင်ရာ ကုမ္ပဏီများအား ဖိအားပေးရန်။ မြန်မာနိုင်ငံ အစိုးရအပေါ် ဒဏ်ခတ် ပိတ်ဆို့မှုများ ကျင့်သုံးရန်နှင့် လူသားများနှင့် သဘာဝပတ်ဝန်းကျင်ကို ဒုက္ခပေးသော တည်ဆောက်ရေး စီမံကိန်း များတွင် ရင်းနှီးမြှုပ်နှံ မှုများ မပြုလုပ်ကြပါရန်။

**နယ်မြေဒေသတွင်း ကျေးရွာများသို့။** ။ မိမိတို့၏ အခွင့်အရေးများဘက်မှနေ၍ ခုခံကာကွယ်ရန်နှင့် မိမိတို့၏ မြေယာ၊ သဘာဝ ပတ်ဝန်းကျင်တို့ကို ကာကွယ်စောင့်ရှောက်ကြပါရန် .... .... တိုက်တွန်းအပ်ပါသည်။


www.kngy.org
www.burmariversnetwork.org

ကယန်းမျိုးဆက်သစ်လူငယ်
ဆက်သွယ်ရန်- kngy.org@gmail.com


မေလ ၂၀၁၁ ခုနှစ်တွင် ထုတ်ဝေသည်။